မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI)

# စီးပွားရေးလုပ်ငန်းများအပေါ် COVID-19 ၏သက်ရောက်မှု အနှစ်ချုပ်အစီရင်ခံစာ

မေ ၂၉၊ ၂၀၂၀

The Asia Foundation

ဓန
DaNa Facility

UKaid
from the British people

## နိဒါန်း

COVID-19၏ စီးပွားရေးအပေါ် ထိခိုက်သက်ရောက်မှုကို ပိုမိုနားလည်ရန် အာရှဖောင်ဒေးရှင်းသည် ၂၀၂၀ပြည့်နှစ် ဧပြီ ၂၈မှ မေလ ၁၀ရက် အတွင်း တစ်နိုင်ငံလုံး ခြုံလွှမ်းနိုင်သည့် စီးပွားရေးစစ်တမ်း တစ်ခု ကောက်ယူခဲ့ပါသည်။ ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများ၏ အမြတ်အစွန်း၊ လုပ်သားအင်အား၊ ငွေကြေးရရှိမှု တို့အပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှု  နှင့် အစိုးရ၏ မူဝါဒအချို့ကြောင့် စီးပွားရေးလုပ်ငန်းများ မည်သို့ အကျိုးခံစား ခဲ့ရသည်ကို လေ့လာရန် ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးပတ်ဝန်းကျင် ညွှန်းကိန်း (MBEI) စီမံကိန်းသည် ယခင်ကတည်းကပင် တစ်နိုင်ငံလုံးအဆင့် စီးပွားရေး စစ်တမ်း နှစ်ကြိမ် ကောက်ခံခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Covid-19 စတင်ဖြစ်ပွားခဲ့ပြီးနောက် စီးပွားရေးအပေါ် သက်ရောက်မှုများကို လေ့လာနိုင်ရန်ယခုစစ်တမ်းကို MBEI စီမံကိန်း ၏ အစိတ်အပိုင်း တစ်ခု အဖြစ် ကောက်ယူခဲ့ခြင်း ဖြစ်သည်။ ဤ COVID-19 စစ်တမ်းသည် ၂၀၂၀ပြည့်နှစ်ဖေဖော်ဝါရီလမှ စတင်၍ COVID-19ကြောင့် စီးပွားရေး ပတ်ဝန်းကျင်ပြောင်းလဲမှုများကို အကဲဖြတ်နိုင်ရန် မြန်မာ့စီးပွားရေးဝန်ကျင်ညွှန်းကိန်း(MBEI၂၀၂၀)စစ်တမ်း၏ နည်းလမ်းများကို အသုံးပြု ထားသည်။ MBEI ၏ စီမံကိန်းအားလုံးကို DaNa Facility မှတဆင့် UK Aid က ထောက်ပံ့ပေးထားခြင်းဖြစ်ပါသည်။

## အဓိကတွေ့ရှိချက်များ

စစ်တမ်းကောက်ယူခဲ့သော **စီးပွားရေးလုပ်ငန်း ၇၅၀ အနက် ၂၉ ရာခိုင်နှုန်းသည်** စစ်တမ်း ကောက်ယူသည့် အချိန်တွင် လုံးဝပိတ်ထားခဲ့ သည်။

စီးပွားရေးလုပ်ငန်းများ၏ အမြတ်အစွန်းမှာ ကျ ဆင်းခဲ့ပြီး **၂၂ ရာခိုင်နှုန်းသာ အမြတ်အစွန်း ဖြစ်ခဲ့**သည်။ ၂၀၁၉ နိုဝင်ဘာလ နှင့် ၂၀၂၀ ဖေဖော်ဝါရီလ အတွင်းတွင် ပြုလုပ်ခဲ့သော MBEI ၂၀၂၀ စစ်တမ်းတွင်မူ အမြတ်အစွန်း ၅၂ ရာခိုင်နှုန်း ရှိခဲ့သည်။

**စီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်သည် ၎င်းတို့၏ စီးပွားရေး ရှင်သန်နိုင်ရန် အတန်အသင့် (သို့မဟုတ်) လွန်စွာ အန္တရာယ်ရှိနေသည်ဟု အစီရင်ခံပါသည်။** အထူးသဖြင့် အဝတ်အထည်နှင့် အထည်အလိပ်နှင့် ဟိုတယ်(သို့)တည်းခိုခန်း  လုပ်ငန်းများသည် ဆုံးရှုံးမည့် အန္တရာယ် အလွန်မြင့်မား နေပါသည်။

စီးပွားရေးလုပ်ငန်းများ၏ **၉၂ ရာနှုန်း**သည် COVID-19 ကြောင့် **ရောင်းအားကျဆင်း**ကြောင်း အစီရင်ခံခဲ့ပြီး **၇၄ ရာခိုင်နှုန်း**သည် **ပုံမှန်ရောင်းအား၏ ထက်ဝက်ကျော် ခန့် သိသိသာသာကျဆင်း**နေသည်။

COVID-19 ကြောင့် စီးပွားရေးလုပ်ငန်း များသည် ၎င်းတို့၏ဝန်ထမ်း **ပျမ်းမျှ ၁၆% ကိုအလုပ်မှ ထုတ်ပယ်**ခဲ့သည်။

စီးပွားရေးလုပ်ငန်း အများစုသည် **အစိုးရ၏ COVID-19 ဆိုင်ရာ စီးပွားရေး ပံ့ပိုးမှု အစီအစဉ်များကို သတိမပြုမိ** ခြင်းကြောင့် အသိပညာပေးရေးတွင် ပိုမို အားထုတ်ရန် လိုအပ်နေကြောင်း ဖော်ပြနေပါသည်။

- လုပ်ငန်းလည်ပတ်မှု လျှော့ချခြင်း (သို့မဟုတ်) ပိတ်ခြင်း၏ အဓိက အကြောင်းအရင်းနှစ်ခုမှာ COVID-19 ကြောင့် ဝန်ထမ်းများ၏ လုံခြုံရေးနှင့် ဖောက်သည်များ မရှိခြင်းတို့ဖြစ်သည်။
- ခရီးသွားလာမှု ကန့်သတ်ချက်များသည် ဟိုတယ်(သို့)တည်းခိုခန်း၊ အစားအစာနှင့် အဖျော်ယမကာနှင့် ထုတ်လုပ်မှု လုပ်ငန်းများအပေါ် ကြီးမားစွာ သက်ရောက်မှုရှိသည်။
- စီးပွားရေးလုပ်ငန်းများ စက်တင်ဘာလအထိ နောက်ထပ် ငွေလည်ပတ်စီးဆင်းမှု လိုအပ်ချက် တနိုင်ငံလုံးအတွက် ခန့်မှန်းချက်မှာ ကျပ် ၉၀၀ မှ ၂,၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၀.၆ မှ ၁.၅ ဘီလီယံ သို့မဟုတ် ဂျီဒီပီ၏ ၀.၇ ရာခိုင်နှုန်းမှ ၁.၇ ရာခိုင်နှုန်း) အထိရှိသည်။
- တယ်လီဖုန်း၊ လျှပ်စစ်မီးနှင့် ရေအတွက် အခြေခံ အဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုများ ယိုယွင်းပျက်စီးခြင်း မရှိပါ။
- COVID-19 အကျပ်အတည်း၏ အစောပိုင်း အခြေအနေ အတောအတွင်း စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရာတွင် အသေးစား ချေးငွေ လုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍအဖြစ် ပါဝင်ခဲ့သည်။ နောက်ဆုံး အခြေအနေအရ ချေးငွေများ၏ ရှယ်ယာသည် မြန်မာ့ စီးပွားရေးဝန်ကျင်ညွှန်းကိန်း (MBEI) ၂၀၂၀ တွင် ၂၅ ရာခိုင်နှုန်းသာ ရှိရာမှ COVID-19 စစ်တမ်းတွင် ၅၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။
- အသေးစားငွေချေးလုပ်ငန်း အဖွဲ့အစည်းများမှ ချေးငွေများ တိုးလာခြင်းကြောင့် အတိုးနှုန်းများ မြင့်လာခြင်းသည် အစိုးရနှင့် ပုဂ္ဂလိက ဘဏ်များမှ ပြောင်းလွယ်ပြင်လွယ်သော ချေးငွေထုတ်ယူမှုနှင့် COVID-19 ဆက်နွယ် ချေးငွေများ၏ အရေးပါမှုကို ပိုမိုမြင့်တင် ပေးပါသည်။
- စီးပွားရေးလုပ်ငန်း ၇၁ ရာခိုင်နှုန်းသည် ချေးငွေပြန်ဆပ်ခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိသည်၊ သို့သော် ပြန်ဆပ်ရန် အစီအစဉ် ချမှတ်ခြင်းနှင့် ပတ်သတ်၍ ငွေချေးငှားသူနှင့် ဆွေးနွေးမှု ၈၂ ရာခိုင်နှုန်းသည် သဘောတူညီမှုရခဲ့သည်။
- ၉၂ ရာခိုင်နှုန်းက ပြည်ထောင်စုအစိုးရ၏ လုပ်ဆောင်မှုများအပေါ် ကျေနပ်အားရမှုရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ကိုလည်း ကျေနပ်အားရမှုရှိသည်။
- ကမ္ဘာကပ်ရောဂါသည် နိုင်ငံတဝန်းတွင် ရာဇဝတ်မှုအပေါ် သိသာထင်ရှားသော သက်ရောက်မှုမရှိခဲ့ပါ။
- စီးပွားရေးလုပ်ငန်း အားလုံးနီးပါးက သူတို့၏ ဝန်ထမ်းများနှင့် ဖောက်သည်များကို COVID-19 မှ ကာကွယ်ရန် အစီအမံ အချို့ကို ကျင့်သုံးခဲ့သည်ဟု ဖြေဆိုပါသည်။

## အဓိကတွေ့ရှိချက်များ

- သင့်တော်သည့် စီးပွားရေးလုပ်ငန်းများ သိရှိပြီး အသုံးချနိုင်ရန် စီးပွားရေးလုပ်ငန်းများအား ထောက်ပံ့ပေးမည့် အစိုးရ မူဝါဒများနှင့် အစီအစဉ်များကို ပိုမို၍ ထုတ်ပြန်ကြေငြာရန် လိုအပ်ပါသည်။
- မူဝါဒများနှင့် အစီအစဉ်များကို ရှေ့တန်းမှ အစိုးရအရာရှိများက ကောင်းစွာ နားလည်သဘောပေါက်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ ကျင့်သုံးနိုင်ရန်အတွက် ၎င်းတို့တွင် သင့်လျော်သည့် ဆုံးဖြတ်ချက်ချပိုင်ခွင့် အာဏာလည်း ရှိရမည် ဖြစ်သည်။
- COVID-19 ကို ကျော်လွှားနိုင်ရန် လိုအပ်သော စီးပွားရေး အရင်းအနှီးများကို ဖြည့်ဆည်းရန် သင့်တော်သော ချေးငွေများ ပေးအပ်နိုင်ရေး အစိုးရနှင့် ပုဂ္ဂလိကဘဏ်များ ပူးပေါင်း၍ နည်းလမ်းရှာဖွေ သင့်ပါသည်။
- စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ ချေးငွေအတိုးနှုန်းနှင့် ငွေပေးချေမှု အစီအစဉ်များကို ပြန်လည်သတ်မှတ် သဘောတူညီမှု ရယူနိုင်ရေး အစိုးရမှ တိုက်တွန်းအားပေး ရမည်။
- အလုပ်များဆုံးရှုံးခဲ့ရသော ဝန်ထမ်းများအား ပံ့ပိုးရန် COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ် ကုစားရေး အစီအစဉ်တွင် ဖော်ပြထားသည့် လုပ်ဆောင်ချက်များသည် လုံလောက်မှု ရှိမရှိ သို့မဟုတ် အဆိုပါ ဝန်ထမ်းများကို ဦးတည်ထားသော ပိုမိုကောင်းမွန်သော တုံ့ပြန်မှုနည်းလမ်းများ ရှိ/မရှိပြန်လည်စဉ်းစားရန် လိုအပ်ကောင်းလိုအပ်လိမ့်မည်။
- အခြေအနေကို အနီးကပ်စောင့်ကြည့်သင့်သည်။ စီးပွားရေး ပြန်လည် နာလံထူလာပြီးနောက် ပြောင်းလဲသွားသည့် အခြေအနေများအား သိရှိနိုင်ရန် အာရှဖောင်ဒေးရှင်းမှ COVID-19 စစ်တမ်းများ ထပ်မံ၍ ပြုလုပ်သွားမည် ဖြစ်ပြီး ယခုကဲ့သို့ စစ်တမ်းသတင်းအချက်အလက် များဖြင့် အစိုးရကို ပံ့ပိုးပေးသွားမည် ဖြစ်သည်။

ဤသည်မှာ“COVID-19 စီးပွားရေးလုပ်ငန်းများ အပေါ်သက်ရောက်မှု - အနှစ်ချုပ် အစီရင်ခံစာ” သာ ဖြစ်ပါသည်။ အစီရင်ခံစာ အပြည့်အစုံအား ရယူရန် ယခုအီးမေးလ် country.myanmar.communications@asiafoundation.org သို့ ကျေးဇူးပြု၍ ဆက်သွယ်နိုင်ပါသည်။